

# ဆရာတော်ဦးနန္ဒသာရ၏အတ္ထုပ္ပတ္တိအကျဉ်းချုပ်

## ဖွားခဲ့ရာ ရပ်ဒိသာ

ဆရာတော်ဦးနန္ဒသာရသည် မန္တလေးတိုင်း၊ ဝမ်းတွင်းမြို့နယ်၊ ရေအောင့်ကျေးရွာနေ ခမည်းတော် ဦးထွန်းညို၊ မယ်တော် ဒေါ်ကျန်တို့မှ ၁၃၂၄–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၄)ရက်၊ (၂၄–၁၁–၁၉၆၂) စနေနေ့တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

## သာသနာ့ဘောင်တွင်း ဝင်ရောက်ခြင်း

ဆရာတော်သည် ၁၃၃၈–ခုနှစ်၊ ဝါဆိုလဆန်း (၁၂) ရက်၊ သောကြာနေ့တွင် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာကျေးရွာ လေသာကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘောင်သို့ ဝင်ရောက်ခဲ့ပါသည်။

## သာကီနွယ်ဇာတ် ရဟန်းမြတ်

ဆရာတော်သည် ၁၃၄၄–ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၅) ရက်၊ နံနက် (၇) နာရီ (၄၉) မိနစ် အချိန်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ခဏ္ဍသိမ်တော်မြတ်၌ ပိုက်ကျုံးဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် စဉ့်ကိုင်မြို့နေ ရဟန်းဒါယိကာမကြီး ဒေါ်သန်းရင်၏ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော သာကီယဇာတ် ရဟန်းမြတ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ဆည်းပူးလေ့လာ မြတ်ပညာ

ဆရာတော်သည် ရှင်သာမဏေဘဝဖြင့် အောင်ချမ်းသာရွာကျောင်း၌လည်းကောင်း၊ ၁၃၄၀–ခုနှစ်မှ ၁၃၆၈–ခုနှစ်အထိ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌လည်းကောင်း၊ ပရိယတ္တိစာပေများကို လေ့လာသင်ကြားခဲ့ပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီး အစိုးရသာသနာ့ဓဇ ဓမ္မာစရိယဘွဲ့များကို ရရှိခဲ့ပါသည်။

## ပဋိပတ်တရား လိုက်နာပွား

ဆရာတော်သည် မန္တလေးမြို့ စိန်ပန်း မဟာစည်သာသနာ့ရိပ်သာ၌ ၁၃၆၈–ခုနှစ်၊ ဝါတွင်း (၃) လပတ်လုံး ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်ခဲ့ပါသည်။

## သာသနာရေးအတွက် ဆောင်ရွက်ချက်

ဆရာတော်သည် ၁၃၅၈–ခုနှစ်မှ ၁၃၆၈–ခုနှစ်အထိ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ဝိသုဒ္ဓါရုံဂဏဝါစက စာချဘုန်းကြီးအဖြစ်ဖြင့် စာပေကျမ်းဂန်များကို ပို့ချခဲ့ပြီး တရားဟောခြင်းနှင့် ကျောင်းကိစ္စ၊ ဂိုဏ်းဂဏကိစ္စများကို ကြိုးစားဆောင်ရွက်ခဲ့ပါသည်။

## သီတင်းသုံးရာ ခုချိန်ခါ

ဆရာတော်သည် ယခုအခါ၌ အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်၊ ဆီယက်တဲမြို့ မြန်မာဗုဒ္ဓဘာသာအသင်း၏ ပင့်ဆောင်ချက်အရ ကင့်မြို့ တိပိဋကမြန်မာဘုန်းတော်ကြီးကျောင်း၌ ယာပိုက်ရှင်ညီ သီတင်းသုံးတော်မူလျက်ရှိပြီဖြစ်ပါသည်။